ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၂)    ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၃ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၅ |
| ၂။ | စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာစည်းမျဉ်း။ | ၆ |
| ၃။ | ဘဏ်များက အပ်ငွေများအပေါ် ပေးသည့်အတိုးနှုန်းနှင့် ချေးငွေများအပေါ် ကောက်ခံနိုင်သည့် အတိုးနှုန်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတိုးနှုန်းပြင်ဆင်သတ်မှတ်ခြင်းအကြောင်း သိကောင်းစရာ။ | ၇-၈ |
| ၄။ | ကုန်ပစ္စည်းအတုများ ရောင်းချခြင်း၊ ကုန်သွယ်ခြင်းတို့အား တားဆီးနိုင်ရေး အတွက် ဆောင်ရွက်သင့်သောအချက်များကို လေ့လာတင်ပြခြင်း။ | ၉-၁၂ |
| ၅။ | ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ထိုင်းနိုင်ငံဝန်ကြီးချုပ် Srettha Thavisin အား ကျင့်ဝတ်စံနှုန်းချိုးဖောက်မှုဖြင့် ရာထူးမှဖယ်ရှားခြင်း။ | ၁၃-၁၄ |
| ၆။ | အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများပါဝင်သော သင်္ဘောနှစ်စီးအား ထိုင်းနိုင်ငံမှ တားမြစ်ခြင်း။ | ၁၅-၁၆ |
| ၇။ | အင်္ဂလိပ်စာဖြင့် ဖော်ပြမထားသော ကုန်ပစ္စည်းအမှတ်တံဆိပ်များနှင့် စပ်လျဉ်းသည့် ဩစတြေးလျဖက်ဒရယ်တရားရုံးများ၏သဘောထား။ | ၁၇-၁၉ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၂) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၃ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း ဥပဒေဘာသာပြန်ကော်မရှင်က ထုတ်ပြန်သည့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသောဥပဒေများ၏ မြန်မာဘာသာဖြင့်ပြန်ဆိုချက်ကို ထုတ်ပြန်ကြောင်း ကြေညာခြင်းအမိန့်(၇)စောင်၊ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က ထုတ်ပြန်သည့် လုပ်ငန်းတာဝန်လွှဲအပ်သည့်အမိန့်ကို ပြင်ဆင်သည့် အမိန့်ကြော်ငြာစာ၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီက ထုတ်ပြန်သည့် တနင်္သာရီတိုင်းဒေသကြီးစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ ပဲခူးတိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ မကွေးတိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ မွန်ပြည်နယ် စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် လျှပ်စစ်သုံးယာဉ် စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့်ညွှန်ကြားချက်တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် လျှပ်စစ်သုံးယာဉ် စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်နှင့် သက်ရှိသတ္တဝါတို့၏ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ မရှိစေရန် ရည်ရွယ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ(ခ)အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၇.၈.၂၀၂၄ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၄)ဖြင့် လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီ

များနှင့်လျှပ်စစ်သုံးယာဉ်ဆိုင်ရာအခြားစွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့်ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့သည်။

ဤညွှန်ကြားချက်တွင်ပါရှိသောစကားရပ်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်ဖြစ်ပြီး လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာအခြားစွန့်ပစ်ပစ္စည်းဆိုသည့်စကားရပ်များ၏အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုလည်း ဖြည့်စွက်ဖော်ပြထားပါသည်။

လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီများဆိုသည်မှာ လျှပ်စစ်ယာဉ်အသုံးပြုသူကဖြစ်စေ၊ ဘက်ထရီရောင်းဝယ်ဖောက်ကားသူကဖြစ်စေ၊ ဘက်ထရီထုတ်လုပ်ရောင်းချသူကဖြစ်စေ၊ ဘက်ထရီတစ်ခုလုံး သို့မဟုတ် ယင်းဘက်ထရီအစိတ်အပိုင်းများအား သက်တမ်းလွန်ခြင်း၊ နည်းပညာချို့ယွင်းခြင်း၊ အရည်အသွေးမပြည့်မီခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲ၍မရနိုင်ခြင်းတို့ကြောင့် စွန့်ပစ်မည့်ဘက်ထရီများကိုဆိုလိုခြင်းဖြစ်ပြီး လျှပ်စစ်သုံးယာဉ်ဆိုင်ရာအခြားစွန့်ပစ်ပစ္စည်းဆိုသည်မှာ သတ္တု သို့မဟုတ် ပလတ်စတစ်ဖြင့်ပြုလုပ်ထားသော ယာဉ်ကိုယ်ထည်၏အစိတ်အပိုင်းများ၊ တာယာများ၊ အအေးခံဆေးရည်(Coolant)နှင့် ဘရိတ်ဆီ(Brake Fluid)များ၊ လေအိတ်များ၊ ပြန်လည်ပြုပြင်ထုတ်လုပ်သုံးစွဲနိုင်သည့် စွန့်ပစ်အီလက်ထရောနစ်အစိတ်အပိုင်းများ၊ လျှပ်စစ်သုံးယာဉ်တွင် တပ်ဆင်အသုံးပြုထားသောမှန်ချပ်အမျိုးမျိုး၊ဒက်ရှ်ဘုတ်(Dashboard)အပါအဝင် ယာဉ်အတွင်းပိုင်းတွင်တပ်ဆင်ထားသောပလတ်စတစ်အစိတ်အပိုင်းများ၊ ထိုင်ခုံများကိုဆိုလိုကြောင်းတိကျစွာ ပြဋ္ဌာန်းထားပါသည်။

ဤညွှန်ကြားချက်အရ လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာအခြားစွန့်ပစ်ပစ္စည်းများအား ပြည်ပသို့တင်ပို့သူများသည် သက်ဆိုင်ရာနိုင်ငံ၏ဘာဆယ်ကွန်ဗင်းရှင်းဆိုင်ရာအခွင့်ရအာဏာပိုင်သို့ ဝန်ကြီးဌာနက ကြိုတင်အသိပေးအကြောင်းကြားပြီးမှသာ တင်ပို့ခြင်းကိုဆောင်ရွက်ရမည်ဖြစ်သဖြင့် လိုအပ်သည့်အထောက်အထားစာရွက်စာတမ်းများနှင့် အချက်အလက်

များကို ဝန်ကြီးဌာနသို့တင်ပြရမည်ဖြစ်ပြီး ဝန်ကြီးဌာနကထုတ်ပြန်ထားသည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့်အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာလုပ်ထုံး လုပ်နည်းကို လိုက်နာဆောင်ရွက်ရမည်။

လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာအခြားစွန့်ပစ်ပစ္စည်းများ အား စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းလုပ်ကိုင်သူများသည်လည်း ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါပြဋ္ဌာန်းချက်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဥပဒေပုဒ်မ ၁၄ အရ ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကိုဖြစ်စေသည့်ပစ္စည်းများကို သတ်မှတ်ထား သည့်ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများကို လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ယင်းဥပဒေပုဒ်မ ၁၅ အရ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင်အထောက်အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကိုတပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက် ခြင်းမပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအားပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

ထို့ပြင် လျှပ်စစ်သုံးယာဉ်မှထွက်ရှိသည့် စွန့်ပစ်ဘက်ထရီနှင့် အခြားစွန့်ပစ်ပစ္စည်းများကို ပြည်တွင်း၌ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းကို ဦးစားပေး ဆောင်ရွက်ရမည်။ မည်သူမျှ လျှပ်စစ်သုံး ယာဉ်စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာအခြားစွန့်ပစ်ပစ္စည်းများအား တင်သွင်းခြင်း မပြုရ။ ဤညွှန်ကြားချက်ပါ လိုက်နာဆောင်ရွက်ရမည့်အချက်တစ်ရပ်ရပ်ကို ပျက်ကွက်သူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၂ အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ် ပစ္စည်းများအား ပြည်ပသို့ တင်ပို့သူများနှင့် လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံး

ယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်းများအား စွန့်ပစ်ခြင်းပြုသည့် လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာ ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖွဲ့စည်းခြင်းဆိုင်ရာစည်းမျဉ်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၁ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအဖွဲ့၏ သဘောတူညီချက်ဖြင့် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာစည်းမျဉ်းကို ၆-၈-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါစည်းမျဉ်းတွင် အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းရန် လျှောက်ထားခြင်း၊ သက်သေခံလက်မှတ်ထုတ်ပေးခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာစုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ၊ ဆိုင်းငံ့ခြင်းနှင့်ပယ်ဖျက်ခြင်း၊ သက်တမ်းတိုးခြင်းနှင့် အထွေထွေပြဋ္ဌာန်းချက်များဟူ၍ အခန်း ၇ ခန်းဖြင့် ပြဋ္ဌာန်းထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

ယင်းစည်းမျဉ်းပါပြဋ္ဌာန်းချက်များကို လေ့လာခြင်းအားဖြင့် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းကို ဖွဲ့စည်းလိုသူများ အနေဖြင့် အဖွဲ့အစည်းဖွဲ့စည်းရန်လျှောက်ထားရာတွင် မည်ကဲ့သို့ လျှောက်ထားရမည်ကို သိရှိပြင်ဆင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း လေ့လာသိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : https;//www.facebook.com/Myanmar Business Laws

## ဘဏ်များက အပ်ငွေများအပေါ် ပေးသည့်အတိုးနှုန်းနှင့် ချေးငွေများအပေါ် ကောက်ခံနိုင်သည့် အတိုးနှုန်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတိုးနှုန်းပြင်ဆင်သတ်မှတ်ခြင်း အကြောင်းသိကောင်းစရာ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုနှုန်းအား အထိုက်အလျောက် လျော့ကျစေရန်၊ ပြည်သူများအနေဖြင့် ဘဏ်အပ်နှံငွေအပေါ် အတိုးဝင်ငွေပိုမိုရရှိစေရန်နှင့် ဘဏ်များ၏ ချေးငွေထုတ်ချေးနိုင်မှုပိုမိုလာပြီး စီးပွားရေးတိုးတက်မှုအား အထောက်အကူပြုစေရန် ရည်ရွယ်ချက်တို့ဖြင့် ဘဏ်များကအပ်ငွေများအပေါ် ပေးသည့်အတိုးနှုန်းနှင့် ချေးငွေများအပေါ် ကောက်ခံနိုင်သည့် အတိုးနှုန်းများကို ၁၄-၈-၂၀၂၄ ရက်နေ့က ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

ယင်းသို့အတိုးနှုန်းပြင်ဆင်သတ်မှတ်ချက်သည် ၁-၉-၂၀၂၄ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ပြင်ဆင်သတ်မှတ်သည့်အတိုးနှုန်းများမှာ ဗဟိုဘဏ်အတိုးနှုန်းအား လက်ရှိ ၇ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းသို့ တိုးမြှင့် သတ်မှတ်ကြောင်း၊ ဘဏ်များက အပ်ငွေများအပေါ် ပေးရမည့်အတိုးနှုန်းကို ၇ ရာခိုင်နှုန်းနှင့် ချေးငွေများအားလုံးအတွက် ကောက်ခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ၁၅ ရာခိုင်နှုန်း သတ်မှတ်ကြောင်း၊ ဘဏ်များအနေဖြင့် မိမိတို့၏ အမြတ်ရနိုင်စွမ်းနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲနိုင်မှုအရ အပ်ငွေနှင့် ချေးငွေအတိုးနှုန်းများအား ၇ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအတွင်း သတ်မှတ်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံတော်၏မူဝါဒအရ လက်ရှိထုတ်ချေးပေးလျက်ရှိသည့် အထူးချေးငွေများ၏အတိုးနှုန်းများနှင့်စပ်လျဉ်း၍ ပြောင်းလဲမှုမရှိဟု ဖော်ပြထားပါကြောင်း သိရှိရပါသည်။

ဤသို့အတိုးနှုန်းများပြင်ဆင်သတ်မှတ်ခြင်းမပြုမီက အပ်ငွေအပေါ်ပေးအပ်ရမည့်ဘဏ်များ၏ အတိုးနှုန်းမှာ ဗဟိုဘဏ်အတိုးနှုန်းအောက် ၂ ရာခိုင်နှုန်း(၇.၀ % - ၂.၀% = ၅.၀ %) ထက်မနည်းစေရဟုလည်းကောင်း၊ ချေးငွေများအပေါ်တွင် ဘဏ်များက ကောက်ခံသည့်အတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်း အထက် ၃ ရာခိုင်နှုန်း(၇ % + ၃ % = ၁၀ %)ထက် ကျော်လွန်ခြင်းမရှိစေရဟု ၂၇-၄-၂၀၂၀ ရက်နေ့က ညွှန်ကြားချက်အမှတ် (၈/၂၀၂၀) ဖြင့် ညွှန်ကြားခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဘဏ်များသည် အပ်ငွေအပေါ် ယခင်အတိုးနှုန်းမှာ ၇ % မှ ယခု ၉ % သို့ တိုးမြှင့်ပြင်ဆင်ခြင်းဖြစ်ပါကြောင်းနှင့် ချေးငွေအပေါ်ကောက်ခံရမည့်အတိုးနှုန်းမှာ ယခင် ၁၀ % မှ ယခု ၁၅% သို့ တိုးမြှင့်ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း သိရှိရပါသည်။

တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## ကုန်ပစ္စည်းအတုများ ရောင်းချခြင်း၊ ကုန်သွယ်ခြင်းတို့အား တားဆီးနိုင်ရေးအတွက် ဆောင်ရွက်သင့်သောအချက်များကို လေ့လာတင်ပြခြင်း

ကုန်ပစ္စည်းအတုများရောင်းဝယ်မှုသည် ဈေးကွက်အတွင်း ပုံစံအမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်မှု လွန်စွာ များပြားလျက်ရှိပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကုန်ပစ္စည်းအတုများကို ရောင်းဝယ်ခြင်း၊ ကုန်သွယ်ခြင်းများကို ပိုမို တွေ့ရှိရပါသည်။ ကုန်ပစ္စည်းအတုများကို သုံးစွဲခြင်းသည် ကျန်းမာရေးကို များစွာထိခိုက်နိုင်စေသည့်အပြင် လုပ်ငန်းရှင်များအကြား မျှတသောယှဉ်ပြိုင်မှုကိုထိခိုက်စေ၍ နိုင်ငံ၏အခွန်အကောက်များရရှိမှုအပါအဝင် ကဏ္ဍအသီးသီး၌ နစ်နာမှုများဖြစ်လာနိုင်ပါသည်။

ကုန်ပစ္စည်းထုတ်လုပ်သူများသည် ၎င်းတို့၏ကုန်ပစ္စည်းများကို အတုအစစ် ခွဲခြားနိုင်ရန် သင်္ကေတများ ထားရှိကြပါသည်။ ဥပမာ - ထုတ်ပိုးမှုပုံစံများတွင်လည်းကောင်း၊ ပစ္စည်းများတွင်လည်းကောင်း၊ အရောင်ပေါင်းစပ်မှုများတွင်လည်းကောင်း၊ ကုဒ်နံပါတ်များတွင်လည်းကောင်း သင်္ကေတများထားရှိကြရာ အဆိုပါအချက်အလက်များကို ကုန်ပစ္စည်းနှင့်သက်ဆိုင်သော ဌာနဆိုင်ရာအဖွဲ့အစည်းများထံပေးပို့ထားခြင်းဖြင့် မိမိ၏ကုန်ပစ္စည်းကို ဝိသမလောဘသားများက အတုပြုလုပ်ရောင်းချခြင်းမှ ထိရောက်စွာ ဟန့်တားနိုင်မည်ဖြစ်ပြီး ကျူးလွန်သူများအား လျင်မြန်စွာ ဖော်ထုတ်အရေးယူနိုင်လာမည်ဖြစ်ပါသည်။

Procter & Gamble ကုမ္ပဏီသည် အိမ်တွင်းစောင့်ရှောက်မှုကဏ္ဍ၊ တစ်ကိုယ်ရည်ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် အရေပြားစောင့်ရှောက်မှုကဏ္ဍတို့တွင် ထင်ရှားကျော်ကြားသောကုမ္ပဏီတစ်ခုဖြစ်ပြီး ၎င်းမှထုတ်လုပ်သော ကုန်ပစ္စည်းများနှင့်အမှတ်တံဆိပ် (ဥပမာ - Ariel ဆပ်ပြာမှုန့်၊ Head & Shoulder ခေါင်းလျှော်ရည်၊ Olay အလှကုန်၊ Gillette မုတ်ဆိတ်ရိတ်ဂျုတ်)တို့သည် ကမ္ဘာ့နိုင်ငံများတွင် လူသိများသော အမှတ်တံဆိပ်များဖြစ်ပါသည်။ အဆိုပါကုမ္ပဏီအနေဖြင့် ၎င်းတို့၏ကုန်ပစ္စည်းများကို မသမာသူများက အတုပြုလုပ်၍ ကုန်သွယ်ခြင်းမှတားဆီးနိုင်ရန် နိုင်ငံအများအပြားရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်၍ ကုန်ပစ္စည်းအတုများကိုရောင်းဝယ်ခြင်းနှင့်ကုန်သွယ်ခြင်းမှတားဆီးနိုင်ရန် ကုန်ပစ္စည်းထုတ်လုပ်သူများအနေဖြင့် သက်ဆိုင်သော ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

ကုန်ပစ္စည်းအတုများရောင်းဝယ်ခြင်းကို တားဆီးနိုင်ရန် သုံးစွဲသူများ၏အခန်းကဏ္ဍသည်လည်း အရေးကြီးပါသည်။ သုံးစွဲသူများအနေဖြင့် အတုအစစ်ခွဲခြားနိုင်ရန်ခက်ခဲမှုများရှိခြင်းမှာ စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ ကုန်ပစ္စည်းအစစ်၏ထိန်းသိမ်းထားအပ်သော သင်္ကေတများကို သုံးစွဲသူများထံ ဖြန့်ဝေမည်ဆိုပါက အခြားတစ်ဖက်တွင် မသမာသူများက ယင်းအချက်အလက်များကိုအသုံးချ၍ ကုန်ပစ္စည်းအတုများကို ဖန်တီးလာနိုင်မည်ဖြစ်ပါသည်။ သာမန်အားဖြင့် ကုန်ပစ္စည်းအစစ်၏ဈေးနှုန်းနှင့်အတု၏ဈေးနှုန်းသည် အလွန်ကွာခြားသဖြင့်ယင်းအချက်ဖြင့် ကုန်ပစ္စည်းအတု/အစစ်ကို ယေဘုယျခွဲခြားနိုင်ပါသည်။ ကုန်ပစ္စည်းများသုံးစွဲမိ၍ ဘေးထွက်ဆိုးကျိုးများခံစားကြရသည့်အခါ ဥပဒေကြောင်းအရ အရေးဆိုခြင်းများကိုဆောင်ရွက်မည်ဆိုပါက ကုန်ပစ္စည်းအတုရောင်းချခြင်းကို တားဆီးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကုန်ပစ္စည်းထုတ်လုပ်သူများအနေဖြင့် သုံးစွဲသူများထံ အသိပညာပေးမှုများဆောင်ရွက်ရန် အရေးကြီးကြောင်း တွေ့ရှိရပါသည်။

ကုန်ပစ္စည်းအတုများကုန်သွယ်ခြင်းကို တားဆီးနိုင်ရန် စာတိုက်လုပ်ငန်းတာဝန်ရှိသူများသည်လည်းအရေးပါသော အခြေအနေတွင်ရှိပါသည်။ ယနေ့ခေတ်တွင် မူပိုင်ခွင့်ချိုးဖောက်ထားသောကုန်ပစ္စည်းအတုများကို စာတိုက်မှတစ်ဆင့်ပါဆယ်ဖြင့် ပေးပို့ခြင်းများရှိလာပါသည်။ e-commerce စနစ်အားကောင်းလာသောကြောင့် ကုန်ပစ္စည်းအတုအား စာတိုက်မှတစ်ဆင့်ပေးပို့၍ ကုန်သွယ်မှုပြုခြင်းဖြစ်ပါသည်။ ကုန်ပစ္စည်းအတုများကုန်သွယ်မှုကြောင့် ကုန်ပစ္စည်းအစစ်များရောင်းချရမှု ကျဆင်းသွားပါသည်။ လူသုံးကုန်ပစ္စည်းများဖြစ်သည့်လျှပ်စစ်ပစ္စည်းများ၊ အဝတ်အစားနှင့် လက်ကိုင်အိတ်၊ အလှကုန်၊လူသုံးကုန်စသည့်သာမန်အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများကို စာပို့လုပ်ငန်းမှတစ်ဆင့်ပါဆယ်အိတ်များနှင့် ကုန်သွယ်မှုပြုလျက်ရှိပါသည်။ စာတိုက်လုပ်ငန်းမှတစ်ဆင့် ပေးပို့သည့်ပါဆယ်ထုတ်အရွယ်အစားကို တိကျစွာ သတ်မှတ်ထားရန် လိုအပ်မည်ဖြစ်ပြီး သတင်းအချက်အလက်

များရရှိနိုင်ရန် ပေးပို့သည့်ကုန်ပစ္စည်း၏စာရွက်စာတမ်းအထောက်အထားများကိုလည်း သေချာစွာ စာရင်းရေးသွင်းထားရန် လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကုန်ပစ္စည်းအတုများကုန်သွယ်မှုနှင့်စပ်လျဉ်း၍ ထိရောက်စွာကာကွယ်တားဆီးနိုင်ရန် ပြည်တွင်း ပြည်ပရှိ ကုန်သွယ်ရေးဇုန်များ၏အခန်းကဏ္ဍသည်လည်း အရေးကြီးအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ပါသည်။ အချို့သောကုန်ပစ္စည်းအတုများသည် စီးပွားရေးဇုန်များမှတစ်ဆင့် နိုင်ငံတစ်နိုင်ငံကို ဖြတ်ကျော်ပြီး အခြားတစ်နိုင်ငံသို့ ကုန်ပစ္စည်းအစစ်များနည်းတူ ကုန်သွယ်ရေးလမ်းကြောင်းမှ ထိုးဖောက်ဝင်ရောက်ကြပါသည်။ သက်ဆိုင်ရာနိုင်ငံများရှိ အခွင့်အာဏာပိုင်အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီမျှဝေခြင်း၊ နည်းပညာ အရ ပူးပေါင်းကူညီဆောင်ရွက်ခြင်းတို့ရှိရန် လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အင်တာနက်ပလက်ဖောင်းနှင့်လူမှုကွန်ရက်တို့တွင် ကုန်ပစ္စည်းအတုများကို လိမ်လည်ကြော်ငြာ ခြင်းများနှင့်ရောင်းချခြင်းတို့အားတိုက်ဖျက်ရာတွင် နိုင်ငံအလိုက်ပြဋ္ဌာန်းဥပဒေများဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိသော်လည်း နည်းပညာပိုင်းဆိုင်ရာကိစ္စဖြစ်၍ ရှုပ်ထွေးမှုများရှိခြင်းသည် စိန်ခေါ်မှု တစ်ရပ်ပင်ဖြစ်ပါသည်။ Facebook၊ Instragram နှင့် TikTok စသည့် social media ပေါ်တွင် ကုန်ပစ္စည်းအတုများကို ကြော်ငြာခြင်း၊ ရောင်းချခြင်းတို့သာမက မူပိုင်ခွင့်ရရှိထားသော ရုပ်ရှင်များ အား တရားဝင်ခွင့်ပြုချက်မရှိဘဲပြသခြင်း၊ တရားဝင်မဟုတ်သော Websites နှင့် Social Media Pages များဖန်တီးရန် ကုန်အမှတ်တံဆိပ်အမည်ကို အသုံးပြုခြင်းစသည့်ကိစ္စများသည်လည်း များပြားလာ လျက်ရှိပါသည်။ နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နည်းလမ်းအမျိုးမျိုးဖြင့် ချိုးဖောက်မှု များကျူးလွန်လာကြသဖြင့် အသိပညာဖြန့်ဝေခြင်းကိုဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဥပမာ အားဖြင့် လူငယ်များအား "အွန်လိုင်းဈေးကွက်နှင့်ဆိုရှယ်မီဒီယာများတွင် ရောင်းချသောကုန်ပစ္စည်း များကို အတုအစစ်ခွဲခြားခြင်းဆိုင်ရာသိကောင်းစရာများ"ကို ကုန်ပစ္စည်းထုတ်လုပ်သူနှင့်သက်ဆိုင်ရာ ဌာနတို့ကပူးပေါင်း၍ မီဒီယာမှဖြစ်စေ၊ လက်တွေ့ကွင်းဆင်း၍ဖြစ်စေ အသိပညာပေးခြင်းများ လုပ်ဆောင်

နိုင်ပါက ကုန်ပစ္စည်းအတုများကို အင်တာနက်ပလက်ဖောင်းများ၌ ရောင်းချခြင်းကို တားဆီးနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ ကုန်ပစ္စည်းအတုများကို စျေးကွက်၌ ရောင်းချခြင်း၊ ကုန်သွယ်မှုပြုခြင်းတို့အား ထိရောက်စွာတားဆီးနိုင်ရေးနှင့်စပ်လျဉ်း၍ သုံးစွဲသူများက အလွယ်တကူ ခွဲခြားသိရှိနိုင်မည့် အချက်အလက်များကို ကုန်ပစ္စည်းထုတ်လုပ်သူများက အသိပညာပေးခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် ဥပဒေအရအရေးယူဆောင်ရွက်နိုင်မည့် သက်ဆိုင်သောဌာနဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပဒေအရအရေးယူဆောင်ရွက်နိုင်မည့် သက်ဆိုင်သောဌာနဆိုင်ရာ အဖွဲ့အစည်းများအား လိုအပ်သောစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ တိုးမြှင့်ပေးရန်နှင့် ၎င်းတို့အချင်းချင်းအကြား ချိတ်ဆက်ဆောင်ရွက်ခြင်းစသည့်ကိစ္စရပ်များ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သိရှိရပါသည်။

ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်:

- Indo - Pacific Workshop on Enforcement Against Trade in Counterfeit Goods (30 July to 2 August 2024, Bangkok, Thailand)
- https://bit.ly/IndoPacificMaterials

## ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ထိုင်းနိုင်ငံဝန်ကြီးချုပ် Srettha Thavisin အား ကျင့်ဝတ်စံနှုန်းချိုးဖောက်မှုဖြင့် ရာထူးမှဖယ်ရှားခြင်း

ထိုင်းနိုင်ငံဝန်ကြီးချုပ် Srettha Thavisin သည် ၂၀၀၈ခုနှစ်တွင် တရားလွှတ်တော်ချုပ်သို့ လာဘ်ပေးရန်ကြိုးပမ်းအားထုတ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရသော ရှေ့နေတစ်ဦးဖြစ်သည့် Pichit Chuenban ကို ၎င်း၏အစိုးရအဖွဲ့ဝင်အဖြစ်ခန့်အပ်ခြင်းသည် ကျင့်ဝတ်ဆိုင်ရာပြဋ္ဌာန်းချက်ကို ကြီးမားစွာ ချိုးဖောက်ခြင်းဖြစ်သည်ဟုသတ်မှတ်၍ ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ၁၄-၈-၂၀၂၄ ရက်နေ့က ရာထူးမှဖယ်ရှားခဲ့ပါသည်။

လွှတ်တော်အမတ် ၄၀ ဦး ပါဝင်သောအဖွဲ့က ယခုကဲ့သို့ ဥပဒေကြောင်းအရ အရေးယူရန် လျှောက်ထားတင်ပြခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါအဖွဲ့က ဝန်ကြီးချုပ်သည် ၂၀၀၈ခုနှစ်တွင် လာဘ်ပေး လာဘ်ယူပြစ်မှုဖြင့် ထောင်ဒဏ် ၆ လ ကျခံခဲ့ရသော Pichit Chuenban ကို အစိုးရအဖွဲ့တွင် တာဝန်ပေးအပ်ခြင်းသည် ကျင့်ဝတ်ဆိုင်ရာစံသတ်မှတ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း စွပ်စွဲခဲ့ပါသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် Srettha သည် ၂၀၂၃ ခုနှစ် နှောင်းပိုင်းတွင် စတင်တာဝန်ထမ်းဆောင် ခဲ့ပြီး ညွန့်ပေါင်းအစိုးရကို ဦးဆောင်ခဲ့သူဖြစ်ပါသည်။ ၎င်း၏အစိုးရသည် အများပြည်သူက ကန့်ကွက် ကြသည့်ဆေးခြောက်သုံးစွဲခြင်းကို ရာဇဝတ်မှုအဖြစ် ပြန်လည်သတ်မှတ်ခြင်းကဲ့သို့သော ကိစ္စရပ်များ ကို အဆိုပြုဆောင်ရွက်ခဲ့သည့်အစိုးရအဖွဲ့ဖြစ်ပါသည်။

ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ဆုံးဖြတ်ချက်သည် အတိုက်အခံပါတီတစ်ခု ဖြစ်သည့် Move Forward Party ကို ဖျက်သိမ်းပြီးနောက် ရက်အနည်းငယ်အတွင်း ပေါ်ပေါက် လာသည့်ဖြစ်ရပ်တစ်ခုဖြစ်ပါသည်။ ခုံရုံး၏ဆုံးဖြတ်ချက်သည် နိုင်ငံရေးအင်အားစုများ၏ ကန့်ကွက်မှု များကို ဖြစ်ပေါ်စေခဲ့ပြီး ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့်အထွေထွေရွေးကောက်ပွဲ၌ တစ်ပါတီအစိုးရပုံစံ ဖြစ်စေမည့်အခြေအနေပေါ်ပေါက်စေကြောင်း သုံးသပ်ကြပါသည်။

ထိုင်းနိုင်ငံရွေးကောက်ပွဲကော်မရှင်သည် ထိုင်းနိုင်ငံ၏တော်ဝင်မိသားစုကို အကြည်ညိုပျက်စေမှုဆိုင်ရာဥပဒေကို ပြင်ဆင်ရန်အတွက် အဆိုပြုခဲ့သော MFP ပါတီကို ဖျက်သိမ်းခဲ့သည့်ခုံရုံး၏အမိန့်အပေါ် အယူခံတင်သွင်းခဲ့သည်။

ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံဆိုင်ရာနှင့်စပ်လျဉ်း၍ အမြင့်ဆုံးတရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းဖြစ်ပါသည်။ အဆိုပါခုံရုံးသည် ဒီမိုကရေစီအစိုးရတစ်ရပ်ရှိစေရေးနှင့် ဥပဒေများ ခိုင်မာအားကောင်းမှုရှိစေရေးအတွက် အရေးကြီးသည့်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၀၊ ပုဒ်မခွဲ (၅) တွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးသည်ကျင့်ဝတ်ဆိုင်ရာစံနှုန်းများကို လိုက်နာရန်၊ ဖောက်ဖျက်ကျူးလွန်ခြင်းမရှိစေရဟု သတ်မှတ်ပြဋ္ဌာန်းထားကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်:
ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ
https://www.jurist.org/news/2024/08/thailand-constitutional-court-dismisses
prime-minister-over-ethics-violation/

## အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများပါဝင်သော သင်္ဘောနစ်စီးအား ထိုင်းနိုင်ငံမှ တားမြစ်ခြင်း

Maersk သင်္ဘောလိုင်းမှ သင်္ဘောနစ်စီးသည် အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများကို အယ်လ်ဘေးနီးယားနိုင်ငံမှ ထိုင်းနိုင်ငံသို့ သယ်ဆောင်လာသဖြင့် ထိုင်းနိုင်ငံဆိပ်ကမ်းများတွင် ဆိုက်ကပ်စေခြင်းမပြုဘဲ ဥရောပသို့ပြန်လည်စေလွှတ်ရန် သက်ဆိုင်ရာဌာနများကဆောင်ရွက်လျက်ရှိပါသည်။ ထိုင်းနိုင်ငံသယ်ယူပို့ဆောင်ရေးဌာန ဒုတိယဝန်ကြီးက အဆိုပါသင်္ဘောသည် တောင်အာဖရိက၊ စင်္ကာပူဆိပ်ကမ်းများမှတစ်ဆင့် ထိုင်းနိုင်ငံသို့ရောက်ရှိမည်ဖြစ်ကြောင်း၊ အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများကွန်တိန်နာအလုံး ၄၀ ကို အီတလီသို့ပြန်လည်ပို့ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားပါသည်။

အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများသယ်ဆောင်လာသည်ဟု သံသယရှိသော ကွန်တိန်နာအလုံး ၆၀ ကိုလည်း ဥရောပသို့ ပြန်လည်ပို့ဆောင်မည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဖော်ပြခဲ့ပါသည်။

ထိုင်းနိုင်ငံဆိပ်ကမ်းအာဏာပိုင် ညွှန်ကြားရေးမှူးချုပ်က အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများသယ်ဆောင်လာသည့်သင်္ဘောများကို ထိုင်းနိုင်ငံမှ လက်ခံခြင်းမရှိကြောင်း ပြောကြားခဲ့ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာဌာနမှ အမြဲတမ်းအတွင်းဝန်က လျှပ်စစ်စွန့်ပစ်ပစ္စည်းများကို လက်ခံခြင်းမပြုကြောင်း စင်္ကာပူနိုင်ငံသို့ အကြောင်းကြားထားသည်ဟု ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

အမေရိကန်အခြေစိုက်အကျိုးအမြတ်မယူသောအဖွဲ့အစည်းတစ်ခုဖြစ်သည့် Basel Action Network သည် အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများကုန်သွယ်မှုကို စုံစမ်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံသို့ အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများ သယ်ဆောင်လာမှုနှင့်စပ်လျဉ်းပြီး သတင်းပေးပို့ခဲ့ခြင်းဖြစ်ပါသည်။

Maersk သင်္ဘောလိုင်းသည် သင်္ဘောပါ ကွန်တိန်နာများတွင် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများပါဝင်သည်ဟု ကြေညာထားခြင်း မရှိကြောင်း၊ ယင်းတို့ကိုသယ်ဆောင်လာပါက သင်္ဘောလိုင်းက သယ်ယူပို့ဆောင်ပေးရန် ငြင်းပယ်မည်ဖြစ်ကြောင်း ပြောကြားထားပါသည်။

ထိုင်းနိုင်ငံနှင့် အခြားသောအရှေ့တောင်အာရှနိုင်ငံများသည် ဖွံ့ဖြိုးပြီးနိုင်ငံများမှ အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများဖြစ်သည့် ပလပ်စတစ်စွန့်ပစ်အမှိုက်များအပါအဝင် စက်မှုနှင့်အီလက်ထရောနစ်စွန့်ပစ်အမှိုက်များကို စွန့်ပစ်ရာဒေသများအဖြစ်ကြုံတွေ့ရလျက်ရှိပါသည်။

အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများကို နိုင်ငံဖြတ်ကျော်ပို့ဆောင်ရာတွင် ထိန်းချုပ်ခြင်းဆိုင်ရာ Basel Convention အရ ပေးပို့သည့်နိုင်ငံသည် လက်ခံမည့်နိုင်ငံများ၏သဘောတူညီမှုရရှိရန် လိုအပ်ပါသည်။ အဆိုပါ Basel Convention ကို ၂၂-၃-၁၉၈၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများကြောင့် လူသားများ၏ ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်ကို အကာအကွယ်ပေးရန်အတွက်ဖြစ်ပါသည်။အဆိုပါ Convention ဝင်နိုင်ငံ ၁၉၂ နိုင်ငံရှိပြီး မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးက အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင် လက်ခံထားကြကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.bangkokpost.com/thailand/general/2847018/two-toxic-waste-ships-banned-from-thailand

# အင်္ဂလိပ်စာသားဖြင့် ဖော်ပြမထားသော ကုန်ပစ္စည်းအမှတ်တံဆိပ်များနှင့်စပ်လျဉ်းသည့် ဩစတြေးလျဖက်ဒရယ်တရားရုံးများ၏ သဘောထား

Caporaso Pty Ltd နှင့် Mercato Centrale Australia Pty Ltd အမှုတွင် အင်္ဂလိပ်စာသားဖြင့် ဖော်ပြမထားသောကုန်ပစ္စည်းအမှတ်တံဆိပ်များနှင့်စပ်လျဉ်းသည့် ဩစတြေးလျဖက်ဒရယ်တရားရုံး၏ဆုံးဖြတ်ထားမှုကို တွေ့ရမည်ဖြစ်ပါသည်။

အမှုတွင် လျှောက်ထားသူ Caporaso သည် အီတလီဘာသာစကားဖြင့် ‘market’ ဟု အဓိပ္ပာယ်ရသည့် mercato စကားလုံးအမှတ်တံဆိပ်ကို ၎င်း၏ကုန်စည်နှင့်ဝန်ဆောင်မှု အများအပြားအတွက် မှတ်ပုံတင်ထားပြီး အစားအသောက်၊ အချိုရည်နှင့် လက်လီရောင်းချသည့်ကုန်ပစ္စည်း ဝန်ဆောင်မှုများအတွက်လည်း ပါဝင်သည်ကို တွေ့ရပါသည်။

Caporaso က Mercato Centrale Australia Pty Ltd အား တရားစွဲဆိုသည့်ဖြစ်စဉ်တွင် Mercato Centrale Australia Pty Ltd သည် ၎င်း၏ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို အရောင်းမြှင့်တင်ရာတွင် ‘Mercato Centrale’၊ ‘Il Mercato Centrale’ ဆိုသည့်စကားလုံးအမှတ်တံဆိပ်များနှင့် ‘Il Mercato Centrale’ logo အမှတ်တံဆိပ်တို့ကိုအသုံးပြုခဲ့သဖြင့် Caporaso ၏ ကုန်အမှတ်တံဆိပ်များကို ချိုးဖောက်မှုရှိခဲ့သည်ဟုဖော်ပြထားပါသည်။ Mercato Centrale ကမူ Caporaso ၏စွပ်စွဲတိုင်ကြားချက်များကို ငြင်းဆိုပြီး Caporaso အနေဖြင့် ၎င်း၏အမှတ်အသားများကို ဖယ်ရှားရန် သို့မဟုတ် ပြုပြင်ရန် တန်ပြန်တောင်းဆိုပါသည်။

Mercato ၏ တန်ပြန်တောင်းဆိုထားမှုတွင် မေးခွန်းများစွာ မေးထားသည်ကို တွေ့ရပါသည်။ Caporaso ၏ ‘mercato’ ဆိုသည့် ကုန်အမှတ်တံဆိပ်သည် Caporaso ၏ ကုန်စည်နှင့်ဝန်ဆောင်မှုအတွက်သာ ဖော်ပြနိုင်ခြင်းဟုတ် မဟုတ်၊ အခြားကုန်စည်နှင့်ဝန်ဆောင်မှုများနှင့် ကွဲပြားခြားနားစေလောက်သည့် လုံလောက်သည့် ကုန်အမှတ်တံဆိပ်ကို သုံးထားခြင်းရှိ၊ မရှိ၊ ‘mercato’ ဆိုသည့် စကားရပ်ကို အင်္ဂလိပ်စကားပြော ဩစတြေးလျလူမျိုးများက ‘market’ သို့မဟုတ် ‘marketplace’ ဟု

နားလည်ထားကြသဖြင့် ‘mercato’ ဆိုသည့် ကုန်အမှတ်တံဆိပ်သည် စားသုံးသူများကို နားလည်မှု ရှုပ်ထွေးစေနိုင်ခြင်းရှိ၊ မရှိဟူသည့် မေးခွန်းများကို မေးထားကြောင်း တွေ့ရပါသည်။

တရားရုံးက အမှုကိုဆုံးဖြတ်ရာတွင် မူလလျှောက်ထားချက်ကိုပယ်ချခဲ့ပြီး တန်ပြန်တောင်းဆိုမှု ကိုလည်း ပယ်ချခဲ့ကြောင်း တွေ့ရပါသည်။

Mercato က မေးမြန်းထားသောမေးခွန်းများနှင့်စပ်လျဉ်း၍ အင်္ဂလိပ်စကားပြောကြသော နိုင်ငံတစ်ခုတွင် နိုင်ငံခြားစကားလုံးများကို အသုံးပြုမှု၊ ဖော်ပြမှုအချိန်ကြာလာသည်နှင့်အမျှ အများ နားလည်လက်ခံသည့် စကားလုံးများဖြစ်လာပြီး ယခုကဲ့သို့အမှုမျိုးအတွက် သက်သေခံအထောက်အထား များဖြစ်လာမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းများ၌ အင်္ဂလိပ်စာသားများ ဖော်ပြထားမှုမရှိခြင်းသည် ဖော်ပြလိုသောဆိုလိုရင်းကို ထင်ရှားစေရန် ခက်ခဲစေကြောင်း တရားသူကြီး Charlesworth က မှတ်ချက်ပြုဖြေကြားထားပြီး Mercato Centrale အသုံးပြုခဲ့သော ‘mercato’ ဆိုသည့် စကားလုံးနှင့် စပ်လျဉ်း၍ ‘mercato’ ဆိုသည့်စကားလုံးသည် Caporaso ၏ ကုန်စည်နှင့်ဝန်ဆောင်မှုဆိုင်ရာ ကုန် အမှတ်တံဆိပ်များကို တိုက်ရိုက်ရည်ညွှန်းနေသည်ဟုဖော်ပြသည့် လုံလောက်သည့်သက်သေ အထောက်အထားများ တင်ပြနိုင်ခြင်းမရှိကြောင်း ဆုံးဖြတ်ထားသည်ကို တွေ့ရပါသည်။

စီရင်ချက်ကို နှစ်ဖက်လုံးကအယူခံခဲ့ရာ ၂၀၂၄ နှောင်းပိုင်းခန့်တွင် အယူခံမှုကို ဆုံးဖြတ်နိုင်ဖွယ် ရှိကြောင်း တွေ့ရပါသည်။

သို့ဖြစ်၍ Caporaso v Mercato အမှုတွင် Mercato ၏မေးခွန်းနှစ်ခုကို အထူးအားဖြင့် မှတ်ချက်ပြုဖြေကြားထားသည်ကိုတွေ့ရပြီး အင်္ဂလိပ်စာသားဖြင့်ဖော်ပြမထားသော ကုန်ပစ္စည်းအမှတ် တံဆိပ်များနှင့်စပ်လျဉ်းသည့် ဩစတြေးလျတရားရုံး၏သဘောထားအမြင်ကို တွေ့ရမည်ဖြစ်ပါသည်။

ယခုအမှု၏ဆုံးဖြတ်ချက်သည် အင်္ဂလိပ်စာသားဖြင့်ဖော်ပြမထားသော ကုန်ပစ္စည်းအမှတ် တံဆိပ်များနှင့်စပ်လျဉ်းသည့် သက်သေခံအထောက်အထားများအပေါ် ဩစတြေးလျတရားရုံးများ၏ သဘောထားအမြင်များကိုမြင်တွေ့ရမည်ဖြစ်ပြီး အင်္ဂလိပ်စာသားဖြင့်ဖော်ပြမထားပါက ဩစတြေးလျ

လူမျိုးများ နားလည်နိုင်သည့်စကားလုံးများဖော်ပြထားခြင်းမရှိဟု မှတ်ချက်ပြုဆုံးဖြတ်ထားကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် : https://www.jdsupra.com/legalnews/case-law-update-the-australian-federal

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

